
## 03 မွေးမြူရေး တိရိစ္ဆာန်များကို အမဲဖျက်သည့် လုပ်ငန်းစဉ်ဆိုင်ရာ သန့်ရှင်းရေး စီမံခန့်ခွဲမှု



- အမဲဖျက်ခံရမည့် တိရိစ္ဆာန်များကို အခြား ယာဉ်ပေါ် သို့မဟုတ် အမဲဖျက်ရမည့် အခြားစက်ရုံသို့ မပြောင်းရွှေ့မီ တိရိစ္ဆာန်များ အားထိခိုက်စေမည့် မည်သည့် ပစ္စည်းကိရိယာ (ဥပမာ၊ တင်းပုတ်) တို့ကို အသုံးမပြုပါနှင့်။
- အမဲမဖျက်မီ တိရိစ္ဆာန်၏ ကိုယ်ပေါ်ရှိ အညစ်အကြေးများကို ဖယ်ရှားပြီး ရေဖြင့် သန့်စင်အောင် ဆေးပါ။
- အမဲဖျက်ထားသည့် တိရိစ္ဆာန်၏ အသားကို ကြမ်းပြင်ပေါ်သို့ မကျပါစေနှင့်။
- အမဲဖျက်ရာတွင် အသုံးပြုသည့် ကိရိယာများ (ဥပမာ၊ ဓါး) တို့ကို ပိုးသတ်ပြီး ရေပူပူ (83°C သို့မဟုတ် ၎င်းအထက်) ဖြင့် ဆေးကြောပါ။
- တိရိစ္ဆာန်၏ မစင်များ သို့မဟုတ် အူမကြီးထဲမှ အညစ်အကြေး များအား အသားနှင့်မထိပါစေနှင့်။
- အူမကြီးကို ထုတ်ယူရာတွင် မကွဲပါစေနှင့်။ မတော်တဆ ကွဲ သွားပါကလည်း တိရိစ္ဆာန်၏ မစင်များ သို့မဟုတ် အူကြား ထဲမှ အညစ်အကြေးများကို အသားနှင့်မထိပါစေနှင့်။
- လူတို့စားသုံးရန်မသင့်သော အူမကြီး နှင့် စွန့်ပစ်ပစ္စည်းများကို သေသေချာချာ ကိုင်တွယ်ပြီး အသားများနှင့် မရောနှောစေရန် သီးခြား ပုံးများတွင် ထည့်ရမည်။
- နောက်ဆုံးတွင် အသားကို ရေဖြင့်ဆေးကြောသည့်အခါ တိရိစ္ဆာန် အညစ်အကြေးများ၊ အမွှေးအမျှင်များ သို့မဟုတ် အခြားသော အညစ်အကြေးများ မကျန်ခဲ့အောင် သေချာ လုပ်ဆောင်ပါ။
- အမဲသား နှင့် ဝက်သား ကဲ့သို့သော နို့တိုက်သတ္တဝါများ၏ အသားများကို အမဲဖျက်၍ အပြင်သို့ထုတ်လာသည့်အခါ အပူချိန် 10°C သို့မဟုတ် ၎င်းအောက် သို့ ထားရှိရမည်ဖြစ်ပြီး ကြက်သား သို့မဟုတ် ဘဲသား စသည့် အသားများကိုမူ 2°C သို့မဟုတ် ၎င်းအောက်တွင် ထားရှိရမည်။

ပိုင်ရှင်များနှင့်
ဝန်ထမ်းများအတွက်


# မွေးမြူရေး တိရိစ္ဆာန်များကို အမဲဖျက်ရာတွင် အသုံးပြုရမည့် သန့်ရှင်းရေး စီမံခန့်ခွဲမှု လမ်းညွှန်ချက်



미얀마어

ပိုင်ရှင်များနှင့်
ဝန်ထမ်းများအတွက်

# မွေးမြူရေး တိရိစ္ဆာန်များကို အမဲဖျက်ရာတွင် အသုံးပြုရမည့် သန့်ရှင်းရေး စီမံခန့်ခွဲမှု လမ်းညွှန်ချက်



Ministry of Agriculture, Food and Rural Affairs
Animal and Plant Quarantine Agency
가축위생방역지원본부 Livestock Health Control Association

# 01 အမဲဖျက်ရာနေရာများ/ဝန်ထမ်းများ၏ တစ်ကိုယ်ရည် သန့်ရှင်းမှု ဆိုင်ရာ စီမံခန့်ခွဲမှု

## တစ်ကိုယ်ရည် သန့်ရှင်းမှုဆိုင်ရာ စီမံခန့်ခွဲမှု

- လက်ပတ်နာရီ၊ လက်စွပ်၊ လည်ဆွဲ၊ ခေါင်းစည်းကြိုး စသည့် ပစ္စည်းများကို မွေးမြူရေး ထုတ်ကုန်များနှင့် မထိတွေ့မိစေရန် ဖယ်ရှားထားရမည်။
- အလုပ်ခွင်တွင် ဆေးလိပ်သောက်ခြင်း၊ အစာစားခြင်း သို့မဟုတ် ပီကေဝါးခြင်းတို့ မလုပ်ရ။
- ပိုးသတ်ထားသော အလုပ်ခွင်ဝတ်စုံများ၊ ဦးထုပ်၊ ဖိနပ်များ၊ လက်အိပ်များကိုသာ ဝတ်ဆင်ရမည်ဖြစ်ပြီး ၎င်းတို့ကိုလည်း အချိန်ပြည့် သန့်ရှင်းစွာ ဆေးကြောထားရမည်။
- ဝန်ထမ်းများအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တာဝန်ပေးထားသော ဆေးဘက်ဆိုင်ရာ အဖွဲ့တစ်ခုတွင် နှစ်စဉ် ကျန်းမာရေး စစ်ဆေးမှု ပြုလုပ်ရမည်။
- အလုပ်ရှင်များအနေဖြင့် ဝန်ထမ်းများအတွက် သန့်ရှင်းမှု ပညာပေး လုပ်ငန်းများကို လေ့ကျင့်သင်ကြားပေးရမည် ဖြစ်ပြီး အဆိုပါ အကြောင်းအရာကို ဂျာနယ်တွင် မှတ်တမ်းတင် ထားရမည်။
- ကူးစက်တတ်သောရောဂါ ကူးစက်ခံထားရသော ဂန်ထမ်းများကို မွေးမြူရေးထုတ်ကုန်များကို ကိုင်တွယ်ခွင့် မပြုသင့်ပါ။
- သန့်စင်ခန်းမှ ထွက်လာသည့်အခါတိုင်း နှင့် အလုပ်ခွင်သို့ မဝင်ခင် အချိန်တိုင်း သင်၏ လက်ကို မသန့်ရှင်းသည့် အရာများနှင့် ထိတွေ့ပြီးသည့်အခါတိုင်း သင့်လက်ကို ဆေးကြော ပါ၊
- မွေးမြူရေး ထုတ်ကုန်များကို ပိုးသတ်ထားသည့် လုပ်ငန်းခွင် ဝတ်စုံများ မပါဘဲ မထိပါနှင့်။




## အလုပ် မစခင်/ပြီးချိန် ဆိုင်ရာ သန့်ရှင်းရေး စီမံခန့်ခွဲမှု


- လုပ်ငန်းခွင်နေရာရှိ နံရံများ နှင့် မျက်နှာကျက်များ အနေဖြင့် ဖုန်မှုန့်များ၊ အစိုပြန်ခြင်းများ သို့မဟုတ် မှိုစသည်တို့ မရှိစေရန် အချိန်ပြည့် စစ်ဆေးပါ။
- လုပ်ငန်းခွင်နေရာ ကြမ်းပြင်ပေါ်ရှိ အသားစကဲ့သို့သော ပြင်ပပစ္စည်းများ ရှိနေပါက ဖယ်ရှားပြီး အချိန်ပြည့် ဆေးကြောကာ သန့်ရှင်းအောင် ထားပါ။
- ရေခဲသေတ္တာ/အအေးခန်း စသည်တို့ကို အချိန်ပြည့် သန့်ရှင်းအောင်ထားရမည်။ ၎င်းတို့၏ အတွင်းပိုင်းကိုလည်း လုံလောက်သည့် အပူချိန်တစ်ခု ရှိစေရမည်။
- အလုပ်စားပွဲခုံများ၊ ကိရိယာများ (စဉ်းနီတုံး၊ အရိုးဖြတ်ဓား၊ အရောစက် စသည်)၊ ဖြတ်တောက်ရေးပျဉ်ပြား၊ လှည်း စသည်တို့ကို အသုံးပြုပြီးပါက စင်ကြယ်စွာ ဆေးကြောပါ။

## အလုပ်ချိန်အတွင်း တစ်ကိုယ်ရည် သန့်ရှင်းမှုဆိုင်ရာ စီမံခန့်ခွဲမှု

- ပိုးသတ်ထားသည့် အဝတ်အစားများဖြင့် အလုပ်ခွင်ပြင်ပသို့ မထွက်ရပါ။ သန့်စင်ခန်းသို့ မသွားမီ ခါးစည်း နှင့် လက်အိပ်များကို သတ်မှတ်နေရာတွင် ထားရမည်။
- အလုပ်ချိန်ကြမ်းပြင်ကို သန့်ရှင်းစွာ ထားရမည်။ အသားစ သို့မဟုတ် အမှိုက်စများ ကြမ်းပြင်ပေါ်တွင် မရှိစေရ။ ကြမ်းပြင်သည် အချိန်ပြည့် သန့်ရှင်းနေရမည်။



# 02 အမဲဖျက်နေရာတွင် လိုက်နာရမည့် အချက်များ



- အသားများကို အအေးခံခြင်းအပါအဝင် သင်၏စွမ်းဆောင် နိုင်မှုထက်ပိုသည့် မည်သည့်စစ်ဆေးမှုကိုမျှ မလုပ်ရပါ။
- စုံစမ်းစစ်ဆေးသူ၏ ညွှန်ကြားချက် လက်ခံရရှိခြင်းမရှိဘဲ အလုပ်မစပါနှင့်။
- ခွင့်ပြုချက်မရှိဘဲ တိရစ္ဆာန်များ/အသား တို့ကို အမဲဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း မလုပ်ရ။
- အလုပ်ခွင်ထဲတွင် ပိုးသတ်ထားသည့် ဝတ်စုံ/ဦးထုပ်/ဖိနပ်များ/လက်အိတ်များ ဝတ်ထားသည်မှာ သေချာပါစေ။ အလုပ်မစခင် သင်၏ တစ်ကိုယ်ရည် သန့်ရှင်းမှုကို စစ်ဆေးပါ။
- စုံစမ်းစစ်ဆေးသူမှအပ ခွင့်ပြုချက်မရရှိသူများ အလုပ်ခွင်ထဲသို့ ဝင်ခွင့်မပြုရ။
- ဝန်ထမ်းများအတွက် တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ အစီအစဉ်တစ်ခု ဆောင်ရွက်ပေးပါ။ သန့်ရှင်းမှုဆိုင်ရာ သင်တန်း တက်ထားပြီးသည့် ဝန်ထမ်းအား အခြားဝန်ထမ်းများထံ ပြန်လည်ဝေမျှစေပါ။ ရမှတ်ကို တစ်နှစ်တာအတွက် မှတ်တမ်းထားပါ။
- သက်တမ်းကုန်ဆုံးသည့် ကာလမှစပြီး သက်တမ်း ကုန်သွားသည့် မွေးမြူရေးဆိုင်ရာ ထုတ်ကုန်များကို အအေးခန်း/ရေခဲခန်း စသည့် သတ်မှတ်နေရာများတွင် "စွန့်ပစ်ရန်" အမှတ်အသားပြုလုပ်ကာ ထားရှိပါ။
- အလုပ်ခွင် ဝင်ပေါက်တွင် လေ ကန့်လန့်ကာ နှင့် ပိုးမွှားအကာ တပ်ဆင်ပါ။ ကြွက်များ သို့မဟုတ် သန်ကောင်များ မလာအောင် ကာကွယ်ပါ။